
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

## မောရှေမွေးဖွားခြင်း 2.07

## ထွက်မြောက်ရာကျမ်း ၂

အီဂျစ်နိုင်ငံမှာ အစားအစာတွေပေါကြွယ်တဲ့ခုနှစ်နှစ်ကုန်လွန်သွားပြီးတဲ့အခါ၊ အစားအစာတွေမရှိ ခက်ခဲတဲ့ခုနှစ်နှစ် ရောက်လာပါတယ်။ ယောသပ်ဟာ ကောင်းစွာစီမံထားပေမယ့်လည်း လူတွေရဲ့ငွေဟာ တဖြည်းဖြည်းကုန်ခမ်းလာ ကြတယ်။ "ငါတို့တွေ အစားအစာလိုအပ်တယ်၊ ဒါပေမယ့်ဝယ်ဖို့ပိုက်ဆံမရှိဘူး" လို့ ယောသပ်ဆီကို လူတွေကလာပြောကြတယ်။ သူတို့ရဲ့တိရစ္ဆာန်တွေနဲ့ လဲလှယ်ပြီး အစားအစာတွေဝယ်လို့ရတယ်လို့ ယောသပ်ကပြန်ပြောခဲ့တယ်။ သူတို့တွေလည်း အဲ့လိုပဲလုပ်ကြတယ်။

နောက်နှစ်ကုန်သွားပြီးနောက်၊ "ငါတို့တွေအစားအစာလိုအပ်ပေမယ့် ဝယ်ဖို့တော့ဘာမှမရှိတော့ဘူး။ ငါတို့ရဲ့မြေတွေနဲ့ ဝယ်လို့ရပါတယ်၊ ငါတို့တွေသင့်ရဲ့ကျွန်ခံပါမယ်" လို့ ယောသပ်ဆီကို လူတွေကလာပြောကြတယ်။ ရလဒ်အနေနဲ့ ယောသပ်ဟာ မြေတွေနဲ့ လူတွေကို သူဝယ်လိုက်တယ်။ မျိုးစေ့ကြဲပြီး အသီးအနှံတွေကို ဘယ်လိုရိတ်ရမလဲဆိုတာ သူက သူတို့တွေကို သင်ပေးခဲ့တယ်။ သူတို့အတွက် စားသောက်စရာအချို့ကိုချန်ထားပြီး၊ ကျန်တဲ့အရာအားလုံးဟာ ဖာရောဘုရင်အတွက် ဖြစ်တယ်။

ယောသပ်ရဲ့မိသားစုတွေဟာ ယောသပ်ရှိတဲ့ခါနန်ပြည်ကိုပြောင်းရွှေ့လာကြပြီး၊ သူ့ရဲ့ကြည့်ရှုပြုစုမှုအောက်မှာ ရှိလာကြတယ်။ အခုတော့ သူတို့တွေဟာ ဂေါရှင်အရပ်မှာ နေကြတယ်။ အစာခေါင်းပါးရာကာလကို အဲဒီနေရာမှာနေရင်း ဖြတ်ကျော်သွားကြတယ်။ မိသားစုတွေ ပိုပြီးတိုးပွားများပြားလာကြတယ်။ ရလဒ်အနေနဲ့ အဲဒီမြေမှာ ယောသပ်ရဲ့မိသားစုဝင်တွေ အများကြီးဖြစ်လာတယ်။ သူတို့ကို ဟေဗြဲလူတွေလို့ ခေါ်ကြတယ်။

နှစ်ပေါင်းများစွာကြာပြီးတဲ့နောက် အီဂျစ်ပြည်မှာ ရက်စက်ကြမ်းကြုတ်တဲ့ ဖာရောဘုရင်တစ်ပါး ဘုရင်ဖြစ်လာတယ်။ သူဟာ ယောသပ်နဲ့သူ့မိသားစုအကြောင်းကို မသိခဲ့ဘူး။ ဘုရင်အသစ်ဟာ ဟေဗြဲလူတွေကို မကြိုက်ခဲ့ဘူး။ ဟေဗြဲကလေးငယ်တွေ ပိုပိုပြီး မွေးဖွားလာကြတာကို သူစိုးရိမ်လာတယ်။ ဟေဗြဲလူမျိုးတွေဟာ အီဂျစ်လူမျိုးတွေထက် ပိုပြီးအားကြီးလာမှာကို သူကြောက်လာတယ်။

ဟေဗြဲအမျိုးသမီးတွေကမွေးတဲ့ယောက်ျားလေးတွေကို သတ်ပစ်ဖို့ ဖာရောမင်းက စီစဉ်တယ်။ အမျိုးသမီးတွေအနေနဲ့ သားယောက်ျားလေးမွေးရင် မြစ်ထဲလွှင့်ပစ်ဖို့ သူပြောတယ်။ အဲဒီအမိန့်ကြောင့် မိခင်များစွာဟာ အရမ်းဝမ်းနည်းခဲ့ကြရတယ်။ မိခင်တစ်ယောက်ကတော့ သူ့သားယောက်ျားလေးကို တိတ်ဆိတ်စွာဖွက်ထားဖို့ သူဆုံးဖြတ်ခဲ့တယ်။ ခြင်းတောင်း တစ်လုံးလုပ်ပြီး၊ သူ့ကို အဲ့အထဲထည့်ထားတယ်။ ရေထဲမှာရှိတဲ့ခြုံပုတ်ထဲမှာ သူမသွားထားတယ်။ အဲဒီခြင်းတောင်းဟာ ရေပေါ်မှာပေါ် ပြီး ရေစီးထဲ မျှောနေခဲ့တယ်။

အဲဒီအချိန်မှာ ဖာရောဘုရင်ရဲ့သမီးတော်ဟာ သူ့အစေခံတွေနဲ့အတူ မြစ်ဆိပ်ကိုဆင်းလာတယ်။ ကလေးထည့်ထားတဲ့ ခြင်းတောင်း တစ်လုံး ရေပေါ်မှာ မျှောလာတာကိုသူမတွေ့တော့ သူမအရမ်းစိတ်လှုပ်ရှားတယ်။ ရေထဲက ခြင်းတောင်းကို ယူခဲ့ပြီး၊ အဲဒီအထဲမှာ ဟေဗြဲကလေးငယ်တစ်ယောက်ကို တွေ့ခဲ့ရတယ်။ သူ့ကို သူမ မွေးစားထားချင်တယ်။ ရေပေါ်မျှောနေတဲ့ခြင်းတောင်းထဲမှာပါလာတဲ့ သူ့မောင်လေးကို အဝေးကလိုက်ကြည့်ရင်းပါလာတဲ့ သူ့အစ်မတစ်ယောက်ရှိတယ်။ "သူ့ကို ကြည့်ရှုပေးမယ့်သူနာပြုလိုမလား?" လို့ ဖာရောဘုရင်ရဲ့သမီးဆီကို သူမအမြန်သွားမေးတဲ့အခါ၊ "အင်း၊ ဒီသူငယ်ကိုကြည့်ပေးမယ့် ဟေဗြဲသူနာပြုတစ်ယောက်ရှာပေးပါ၊ သူ့အတွက် ငါပေးမယ်။" လို့ ဖာရောဘုရင်ရဲ့သမီးက ပြန်ပြောခဲ့တယ်။ မိန်းမငယ်ဟာ အလျင်အမြန်ပြေးပြီး၊ သူ့မိခင်ကို ချက်ချင်းခေါ်လာတယ်။ သူ့မိခင်ဟာ သူ့သားရင်းအတွက် ကြည့်ရှုပြုစုပေးဖို့အခွင့်ရသွားတယ်။

ဒီလိုနဲ့ ဟေဗြဲကောင်လေးဟာ ဖာရောဘုရင့်သမီးတော်ရဲ့သားတော်ဖြစ်လာခဲ့တယ်။ သူ့ကို ရေထဲကဆယ်ယူခဲ့တဲ့အတွက်ကြောင့် "ဆယ်ယူခြင်း" လို့အဓိပ္ပါယ်ရတဲ့ မောရှေလို့ သူ့ကိုနာမည်ပေးလိုက်တယ်။ သူဟာ ကြီးပြင်းလာခဲ့ပြီး၊ သူ့လူမျိုးတွေ ဖြစ်တဲ့ဟေဗြဲလူတွေကို ခါနန်ပြည်ဆီပြန်ခေါ်ဆောင်သွားမယ့်သူဖြစ်တယ်။

## မောရှေမွေးဖွားခြင်း - ဆရာလမ်းညွှန် 2.07

## ထွက်မြောက်ရာကျမ်း ၂

### အဓိကအချက်များ

၁) အစာခေါင်းပါးရာ ခုနှစ်နှစ်အတွက် ယောသပ်ဟာ ကောင်းစွာပြင်ဆင်ထားခဲ့ပါတယ်။ သိုလှောင်ထားတဲ့ရိက္ခာတွေကို ဝယ်ယူဖို့ အတွက် လူတွေက သူ့ဆီကိုလာကြတယ်။ နှစ်တွေကြာလာတဲ့အခါ လူတွေဟာ ရိက္ခာဝယ်ယူဖို့ငွေကုန်လာကြတယ်။ စားစရာရိက္ခာ အတွက် သူတို့တိရစ္ဆာန်တွေနဲ့လဲလှယ်ဝယ်ယူဖို့ ယောသပ်ကိုသူတို့ပြောကြတယ်။

၂) အချိန်တွေကုန်လာတာနဲ့အမျှ လူတွေဟာစားစရာရိက္ခာ ပြန်ပြီးလိုအပ်လာကြတယ်။ ဒီတကြိမ်မှာတော့ ယောသပ်ဟာ လူတွေနဲ့ သူတို့မြေတွေကို ဝယ်ယူခဲ့တယ်။ သူတို့တွေဟာ ဖာရောဘုရင်ရဲ့ကျွန်တွေဖြစ်လာကြတယ်။

၃) ယောသပ်နဲ့သူ့မိသားစုတွေကို ဟေဗြဲလူတွေလို့ခေါ်ကြတယ်။ ယောသပ်ဟာ သူ့မိသားစုတွေကို အီဂျစ်ပြည်ထဲခေါ်လာပြီး ကြည့်ရှုစောင့်ရှောက်တယ်။ သူ့မိသားစုဝင်တွေအများကြီးရှိလာတယ်။ နှစ်တွေကြာလာတာနဲ့အမျှ ဟေဗြဲလူမျိုးအတော်များများ မွေးဖွား လာကြတယ်။

၄) အီဂျစ်ပြည်မှာ ကောက်ကျစ်တဲ့ဖာရောဘုရင်အသစ်တစ်ပါး နန်းတက်လာတယ်။ သူဟာ အီဂျစ်လူမျိုးတွေထက် ဟေဗြဲလူမျိုး တွေပိုပြီး အင်အားကြီးထွားလာတာကို စိုးရိမ်တယ်။ ဟေဗြဲယောကျ်ားလေးတွေအားလုံးကို သတ်ပစ်ဖို့ သူကြိုးစားလာတယ်။

၅) ကလေးတစ်ယောက် လွတ်မြောက်သွားတယ်။ သူ့မိခင်က သူ့ကိုခြင်းတောင်းထဲထည့်ပြီး၊ မြစ်ထဲမှာမျှောထားခဲ့တယ်။

၆) ဖာရောဘုရင့်သမီးဟာ သူ့ကိုတွေ့ပြီးကယ်တင်ခဲ့တယ်။ သူ့ကို မောရှေလို့နာမည်ပေးခဲ့တယ်။

### မေးခွန်းများ

၁) လူတွေဟာ ငွေကုန်သွားတဲ့အခါ၊ ရိက္ခာဝယ်ယူဖို့အတွက် ပထမဆုံးဘယ်အရာနဲ့ကမ်းလှမ်းခဲ့သလဲ?

၂) လူတွေဟာ ငွေနဲ့တိရစ္ဆာန်တွေကုန်သွားတဲ့အခါ၊ ရိက္ခာဝယ်ယူဖို့အတွက် ဘယ်အရာနဲ့ကမ်းလှမ်းခဲ့သလဲ?

၃) ယောသပ်ရဲ့လူတွေကို ဘယ်လိုခေါ်ကြသလဲ?

၄) ဖာရောဘုရင်က ဘာကိုကြောက်တာလဲ?

၅) ဘာလုပ်ဖို့ သူကြိုးစားသလဲ?

၆) ဖာရောဘုရင့်သမီးဟာ ရေထဲမှာ ဘာကိုတွေ့ခဲ့သလဲ?

၇) ဖာရောဘုရင့်သမီးက ကောင်လေးကို ဘယ်လိုနာမည်ပေးခဲ့သလဲ?

### အဖြေများ

၁) လူတွေဟာ ရိက္ခာဝယ်ဖို့အတွက် သူတို့တိရစ္ဆာန်တွေကို ယောသပ်ဆီလဲလှယ်ပေးခဲ့ရပါတယ်။

၂) လူတွေဟာ ရိက္ခာဝယ်ဖို့အတွက် သူ့ကို သူတို့မြေကိုပေးပြီး၊ သူတို့ကိုကျွန်အဖြစ်လက်ခံဖို့ သဘောတူကြတယ်။

၃) ယောသပ်ရဲ့လူတွေကို ဟေဗြဲလူတွေလို့ ခေါ်ကြပါတယ်။

၄) ဟေဗြဲလူတွေဟာ အီဂျစ်လူတွေထက်ပိုပြီးအားကြီးလာကြမှာကို ဖာရောဘုရင်က စိုးရိမ်ကြောက်ခဲ့ပါတယ်။

၅) ဖာရောဘုရင်ဟာ သားယောကျ်ားလေးတွေအားလုံးကို သတ်ပစ်ဖို့ကြိုးစားခဲ့ပါတယ်။

၆) ဖာရောဘုရင့်သမီးဟာ ရေထဲမှာ ဟေဗြဲကောင်လေးတစ်ယောက်ကို တွေ့ခဲ့ပါတယ်။

၇) သူမက သူ့ကို မောရှေလို့ နာမည်ပေးခဲ့ပါတယ်။



Kids of Destiny®
Reaching the Next Generation